## ၂။ ဂေါ်ဖီထုပ်ပျပိုး

**Cabbage Aphids : *Brevicoryne brassicae* (Linnaeus, 1758)**

**Hemiptera: Aphididae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ



အကောင်ငယ်များနှင့် အရွယ်ရောက်အကောင်ကြီးများသည် စိမ်းဝါရောင်ရှိကြပြီး ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင်လှိုင်းတွန့်ပုံ အမျှင်များ ပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ






ဖျက်ဆီးခံရသော အရွက်များတွင် အဝါရောင်ပြောင်းသွားသည်။ ပျပိုးစုပ်စားမှုကြောင့် အရွက်များတွင် ရှုံ့တွန့်ပြီး ချိုင့်ဝင်ပုံဖြစ်သွားသည်။ ပင်စည်တွင်ကျရောက်ပါက တွန့်ခြောက်သွားသည်။ ၄င်း အင်းဆက် စုပ်စားပြီး အချိုရည်များ စစ်ထုတ်မှု ကြောင့် အပင်များပေါ်တွင် မီးခိုးရောင် ကြပ်ခိုးမှိုများဖြစ်ပေါ်စေပြီး အပင်၏အစာ ချက်နှုန်း ကျစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၇)** ရက် |
| ပိုးမမည်အဆင့် | **– (**၇–၁၀) ရက် |
| ရုပ်ဖုံးအဆင့် | –(၂–၄)ရက် |
| အကောင်ကြီးအဆင့် | –(၉–၁၆)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) စိုက်ခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂) ပျပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများအားရွေးချယ်စိုက်ပျိုးပါ။

(၃)နံနက်စောစော စိုက်ခင်းပတ်ဝန်းကျင် လေတင်ဘက်မှ မီးခိုးမှိုင်း  တိုက်ပါ။

(၄)မစိုက်မီ မျိုးစေ့အားအီမီဒါကလိုပရစ်ဒ် (Imidacloprid 600FS / Imidacloprid 70SS)ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၅)အတောင်ပံရှိသော အရွယ်ရောက်အကောင်ကြီးများကို ကင်းထောက်ရန် အဝါရောင် ပိုးဖမ်းထောင်ချောက် အား(၁)ကေလျှင် (၅)ခုနှုန်းတပ်ဆင်ပါ။
(၆) ဆပ်ပြာရည် (၃၀) မီလီလီတာကို ရေ(၅) လီတာနှင့် ရောစပ်ပက်ဖျန်းပါ။ တမာပိုးသတ်ဆေးကို ရေ(၁)ဂါလံတွင် (၆၀) စီစီနှုန်း ဖျော်၍ မှန်မှန် ဖျန်းပေးပါ။

(၇)ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)